ဝေပေးရန်လည်းကောင်း၊ မြန်မာနိုင်ငံသက်ဆိုင်ရာဌာနများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စွမ်းဆောင်နိုင်မှုများကို အကူအညီဖြင့် မြှင့်တင်ပေးရန်လည်းကောင်း၊ တရုတ်နိုင်ငံ၏တိုးတက်ဖွံ့ဖြိုးမှုအောင်မြင်မှုရလဒ်များကို မြန်မာနိုင်ငံပြည်သူလူထုအတွက် အကျိုးပြုသွားစေရန်လည်းကောင်း မျှော်လင့်ထားပါသည်။

လက်တွေ့စူးစမ်းလေ့လာမှုများတွင် ယူနန်ပြည်နယ်သည် တည်နေရာအားသာချက်ကိုပြီးပြည့်စုံအောင် ပေါ်လွင်စေသည်။ နယ်စပ်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ၊ မဲခေါင်မြစ်မြစ်ဝှမ်းဒေသခွဲနိုင်ငံများနှင့်အတူ အားသာချက်ရှိသော အထွက်ကောင်းမွန်သော စိုက်ပျိုးရေးများလုပ်ဆောင်ခြင်း၊ မျိုးကောင်းစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနည်းပညာသင်ကြားပို့ချခြင်း၊ စိုက်ပျိုးရေးထွက်ကုန်ကူးသန်းရောင်းဝယ်ရေးစသည့် ကဏ္ဍများတွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်ကြ “ပြည်ပသို့လျှောက်လှမ်းခြင်း”နှင့် “ပြည်တွင်းသို့ဖိတ်ခေါ်ခြင်း”ဟူသောစနစ်၊ ခေတ်မီသောလက်တွေ့ကျသုံး စိုက်ပျိုးရေးနည်းပညာအသစ်များ၊ မျိုးနွယ်အသစ်များနှင့်ဈေးကွက်များကို ပြည်ပသို့သယ်ဆောင်သွားစေသကဲ့သို့ နိုင်ငံခြားသားများကိုယူနန်သို့ဖိတ်ခေါ်သည်။ အတန်းတွင်းသီအိုရီများကိုသင်ကြားပေးခြင်းနှင့် လက်တွေ့စိုက်ပျိုးမှုသင်ကြားပို့ချပေးခြင်းဖြင့် တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးနည်းပညာများကို လက်ဆင့်ကမ်းပေးသည်။ နယ်ပယ်ကျယ်ပြန့်သောလက်တွေ့အကောင်အထည်ဖော်ဆောင်သော စိုက်ပျိုးရေးလုပ်ငန်းဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများဖြင့် မဲခေါင်မြစ်မြစ်ဝှမ်းတလျှောက်ရှိ နယ်စပ်ဒေသ၏ စီးပွားရေးလူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက်တွန်းအားများဖြစ်ထွန်း စေသည်။ လူမှုရေးပတ်ဝန်းကျင်ကိုတည်ငြိမ်စေပြီး မူးယစ်ဆေးဝါးသုံးဆွဲမှုအန္တရာယ်ကိုပပျောက်စေနိုင်သည်။ တောင်သူလယ်သမားများ၏ဝင်ငွေကို တိုးမြှင့်စေပါသည်။ ဆင်းရဲနွမ်းပါးသော ပြည်သူလူထု၏ တကိုယ်ရည်စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးနိုင်သည်။ နှစ်ဦးနှစ်ဖက်စလုံးသည် အပြန်အလှန်ကူညီပေးသည့်စည်းလုံးချစ်ကြည်ကြသော အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများထဲတွင် ရိုးရာချစ်ကြည်ရေးများကို ပိုမိုမြှင့်တင်ပေးသည်နှင့်အတူ ကောင်းမွန်သောပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သည်။

နောက်တစ်ဆင့်အနေနှင့် ယူနန်ပြည်နယ်သည် ယူနန်နှင့်လန်ချမ်းမြစ် မဲခေါင်မြစ် မြစ်ဝှမ်းဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသောနေရာနှင့်ရှေ့တန်းပြည်နယ်အနေနှင့် ဆက်လက်ရပ်တည်သွားမည်ဖြစ်သည်။ ခေတ်အဆက်ဆက်လက်ဆင့်ကမ်းလာသော မဲခေါင်မြစ်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ရိုးရာချစ်ကြည်ရေးများ၊ စီးပွားရေးကူးသန်းရောင်းဝယ်ရေးနှင့် အသွားအလာများပြားခြင်းစသည့်အားသာချက်များဖြင့် လန်ချမ်းမြစ် မဲခေါင်မြစ် မြစ်ဝှမ်းတလျှောက်ရှိဒေသဆင်းရဲနွမ်းပါးခြင်းလျှော့ချရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှု နည်းလမ်းအသစ်များ၊ စနစ်သစ်များ၊ ဖြေရှင်းမှုနည်းလမ်းအသစ်များကို အဆက်မပြတ်တွေးတော ထုတ်ဖော်သွားမည်ဖြစ်သည်။ ဒေသအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ချမ်းသာကြွယ်ဝမှုရရှိရေး ပေါင်းကူးတံတားကိုတည်ဆောက်ပြီး ငြိမ်းချမ်းမှုဖွံ့ဖြိုးမှုရရှိစေသော သံတမန်အဖြစ် မဲခေါင်မြစ် မြစ်ဝှမ်းတလျှောက်နိုင်ငံများ၏ ပြည်သူလူထုများအတွက် တရုတ်နိုင်ငံ၏ စီးပွားရေးလူမှုရေးဖွံ့ဖြိုးတိုးတက်မှုရလဒ်များကို မျှဝေပေးနိုင်ရန် မျှော်လင့်ပါသည်။

သတင်းထောက် ဟူရှောင်ယုံပုံ